ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
နိုင်ငံတော်သမ္မတရုံး
Presidentoffice@nugmyanmar.org

## ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဗြိတိန်နိုင်ငံ ဂလက်စကိုမြို့၌ ကျင်းပသည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေးသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ ယာယီသမ္မတ ဒူဝါလရှီးလမှ ပေးပို့သည့် သဝဏ်လွှာ

ရက်စွဲ၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ (၁) ရက်

၁။ သာယာလှပသည့် ဂလက်စကိုမြို့တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဘောင်ကွန်ဗင်းရှင်း အဖွဲ့ဝင် နိုင်ငံများ၏ (၂၆) ကြိမ်မြောက် သမိုင်းဝင် အစည်းအဝေးအား အီတလီနိုင်ငံနှင့် ပူးပေါင်း၍ ဥက္ကဋ္ဌအဖြစ် လက်ခံကျင်းပပေးသည့် ဗြိတိန်နိုင်ငံအစိုးရအား မြန်မာပြည်သူများ၏ ကိုယ်စား ကျေးဇူးတင်ဝမ်းမြောက်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ အနေဖြင့် ပြောကြားခွင့်ရသည့်အတွက် ပျော်ရွှင် ဝမ်းမြောက်မိပါသည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံကိုယ်စား အမျိုးသားညီညွတ်ရေးအစိုးရ၏ သဝဏ်လွှာကို ပေးပို့ခွင့် ရသည့်အတွက်လည်း ဂုဏ်ယူပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်။ မိမိတို့ အစိုးရသည် မြန်မာနိုင်ငံ၏ တရားဝင်ကိုယ်စားပြုအစိုးရဖြစ်ပြီး ဒီမိုကရေစီနည်းလမ်းတကျ တင်မြှောက်ထားသည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပါသည်။

၃။ လက်ရှိပြုစုလျက်ရှိသည့် IPCC ၏ (၆) ကြိမ်မြောက် ဆန်းစစ်ချက်အရ ကမ္ဘာ့အပူချိန်သည် စက်မှု ထွန်းကားကာလ မတိုင်မီထက် (၁.၁) ဒီဂရီ စင်တီဂရိတ်ကို ကျော်လွန်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှု၏ ခြိမ်းခြောက်မှုသည် သိသိသာသာ ထင်ရှားလာနေကြောင်း သိရှိရပါသည်။ ၎င်းအခြေအနေသည် လူသားထုတစ်ရပ်လုံးအတွက် စိုးရိမ်ဖွယ် အန္တရာယ် ရှိသည့် အနီရောင်အဆင့်သို့ ရောက်ရှိလာနေပြီဟုလည်း ဆိုနိုင်ပါသည်။ ထို့ကြောင့် ယခုနှစ်သည် ရာသီဥတုပြောင်းလဲမှုကို မဖြစ်မနေ ထိန်းချုပ်ဆောင်ရွက်ရမည့် နှစ်ဖြစ်ကြောင်း

ကျွန်ုပ်အနေဖြင့် ယုံကြည်ထားပါသည်။ လူသားအားလုံးအတွက် စိမ်းလန်း၍ ရာသီဥတုဒဏ် ပိုမို ခံနိုင်ရည်ရှိသည့် အနာဂတ်ကို တည်ဆောက်နိုင်ရန်အလို့ငှာ ကမ္ဘာမြေကြီးကို ကာကွယ်ရန်အတွက် ကျွန်ုပ်တို့ အတူတကွ လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

၄။ ဤကဲ့သို့ လူသားတစ်ရပ်လုံးအတွက် အန္တရာယ်ဖြစ်ပေါ်နေသည့် ခေတ်ကာလတွင် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဆိုးဆိုးဝါးဝါး ခံစားနေရပါသည်။ ဆယ်စုနှစ်များစွာ စစ်အုပ်ချုပ်ရေးကြောင့် ဖြစ်ပေါ်လာသည့် လက်နက်ကိုင် ပဋိပက္ခနှင့် ဆင်းရဲမွဲတေမှုများအကြား ရုန်းကန်နေရသော မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ဘေးဒုက္ခများကိုပါ တွေ့ကြုံခံစား နေရပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှုအနေဖြင့် အနည်းဆုံး ပမာဏဖြစ်သည့် (၀.၆၁) ရာခိုင်နှုန်းသာ ထုတ်လွှတ်သော်လည်း အထက်ဖော်ပြပါ အကြောင်းရင်းများသာမက ရာသီဥတုပြောင်းလဲမှုကြောင့်လည်း ထိခိုက် ပျက်ဆီးနိုင်ချေ အများဆုံးနိုင်ငံ ဖြစ်နေရပါသည်။

၅။ သို့သော်လည်း ရာသီဥတု ပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိရေးတို့အတွက် ယခင် ရေးဆွဲထားသည့် ကနဦး လုပ်ငန်းအစီအစဉ် (INDC) ထက် ရည်မှန်းချက် ပိုမို မြင့်မား၍ အသေးစိတ်လုပ်ငန်းများ ပါဝင်သည့် “အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေ ရှိစေရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Nationally Determined Contributions-NDC)” အစီရင်ခံစာကို တင်သွင်းခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံ၏ ကိုယ်ပိုင်အရင်းအမြစ်များကို အသုံးပြု၍ ကာဗွန်ဒိုင်အောက်ဆိုဒ် တန်ပေါင်း (၂၄၄) သန်း လျှော့ချသွားရန်နှင့် နိုင်ငံတကာမှ ငွေကြေး၊ နည်းပညာဆိုင်ရာ အကူအညီများ ရရှိပါက ကာဗွန်ဒိုင်အောက်ဆိုဒ် တန်ပေါင်း (၄၁၃) သန်း အထိ တိုးမြှင့်လျှော့ချသွားရန် ရည်ရွယ်ထားပါသည်။ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန် အတွက် ပိုမို ခိုင်မာအားကောင်းသည့် လုပ်ငန်းများ ဆောင်ရွက်သွားမည့် ကျွန်ုပ်တို့၏ ကတိကဝတ်များအား ဤဆောင်ရွက်ချက်များက ထင်ဟပ်ပြသနေခြင်း ဖြစ်သလို နိုင်ငံများ၏ မတူညီသည့် အခြေအနေအလိုက် စွမ်းဆောင်နိုင်မှုနှင့် ကွဲပြားသည့် တာဝန်ရှိမှုများအား အတူတကွ ပေါင်းစပ် ဆောင်ရွက်ရမည်ဟူသော အခြေခံစည်းမျဉ်းကိုလည်း ပြန်လည် အမှတ်ရစေရန် ရည်ရွယ်၍ တင်ပြခြင်း ဖြစ်ပါသည်။

၆။ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိခြင်းသည်လည်း မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးရေးကဏ္ဍ အားလုံးအတွက် အဓိက ဦးစားပေးလုပ်ငန်းပင် ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုဒဏ်ကို တုံ့ပြန်ရန်၊ လက်ရှိနှင့် အနာဂတ်ကာလမျိုးဆက်များအတွက် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသည့် ဖွံ့ဖြိုးတိုးတက်မှုအား ဖော်ဆောင်ရန်တို့အတွက် အဓိကကျသည့် မူဘောင်အဖြစ် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များအား ချမှတ်၍ စတင် အကောင်အထည်ဖော်လျက် ရှိပါသည်။

၇။ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ပြည်သူအားလုံးအတွက် အကျိုးခံစားရရှိနိုင်မည့် ဖွံ့ဖြိုးတိုးတက်မှု ပေါ်ပေါက်လာရေး ဖော်ဆောင်ကြိုးပမ်းလျက်ရှိနေစဉ် အရှိန်အဟုန်ကောင်းများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (၁) ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော စစ်အာဏာရှင်၏ မတရားအာဏာသိမ်းမှုကြောင့် ဆုတ်ယုတ်ပျက်စီးခဲ့ရပါသည်။ ရာသီဥတုပြောင်းလဲမှုကြောင့်သာမက ကိုဗစ်-၁၉ ရောဂါ နှိပ်စက်မှု ကြားက အာဏာသိမ်းမှုကြောင့် တိုင်းပြည်အခြေအနေသည် ပိုမိုဆိုးဝါး ကျပ်တည်းလာပြီး ဖွံ့ဖြိုးရေးကဏ္ဍတိုင်းအတွက် အကျပ်အတည်း ကြီးကြီးမားမားဖြစ်ပေါ်စေခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ယခုကာလတွင် စီးပွားရေးဆုတ်ကပ်ဆိုက်နေကြောင်း တွေ့ရှိရပါမည်။ ပြည်သူသန်းပေါင်းများစွာသည် ဆင်းရဲမှုနွံအတွင်းတွန်းချခံနေကြရပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုသည်လည်း ဆုတ်ယုတ်ကျဆင်းလျက်ရှိနေပါသည်။

၈။ မကြာသေးမီက ဖြစ်ပွားခဲ့သည့် ထိတ်လန့်ဖွယ်ဖြစ်ရပ်အား ဥပမာဆိုရသော် မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကြောင့် ထိခိုက်ခံစားရဆုံး ချင်းပြည်နယ်တွင် စစ်အာဏာရှင်သည် လူသားမျိုးနွယ်ပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် လူမျိုးသုဉ်းသတ်ဖြတ်မှုတို့ကို ကျူးလွန်ခဲ့ကြသည်။ အကြမ်းဖက်စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် ချင်းပြည်နယ်၊ ထန်တလန်မြို့ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်း (၂) ခုနှင့် လူနေအိမ်ခြေ (၁၀၀) ကျော်တို့အား လူမဆန်ကြမ်းကြုတ်ရက်စက်စွာ မီးရှို့ဖျက်ဆီးခဲ့ကြသည်။

၉။ ကမ္ဘာကြီးသည် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှုမရှိသည့် စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရေးကို ဦးတည်လျက်ရှိနေစဉ်တွင် မြန်မာနိုင်ငံကိုလည်း ချန်ရစ်မခံရစေရေးအတွက် နိုင်ငံတကာအနေဖြင့် အကူအညီအထောက်အပံ့များ ပေးကြရန် အမျိုးသားညီညွတ်ရေးအစိုးရက နှိုးဆော်တိုက်တွန်းလိုပါသည်။ ကျွန်ုပ်တို့အနေဖြင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်မည့် ကတိကဝတ်အား ဆက်လက်အကောင်အထည်ဖော်သွားမည်ဟု သန္နိဋ္ဌာန် ချထားသော်လည်း စစ်အာဏာရှင်အနေဖြင့် ပြည်သူများအား သတ်ဖြတ်ရန်အတွက် သစ်နှင့် သယံဇာတများအား အရှိန်အဟုန်မြင့် ထုတ်ယူသုံးစွဲနေသည်ကို တွေ့ရှိနေရပါသည်။

၁၀။ စစ်အာဏာရှင်အနေဖြင့် ၎င်းတို့ တင်သွင်းထားသည့် NDC သည် အစီရင်ခံစာတစ်ခုထက် မပိုဘဲ မည်သည့်အခါမျှ အကောင်အထည်ဖော်မည် မဟုတ်ကြောင်း ခိုင်ခိုင်မာမာ ပြောကြားလိုသည်။ သို့သော်လည်း အမျိုးသားညီညွတ်ရေးအစိုးရကမူ ကျွန်ုပ်တို့၏ ကတိကဝတ်ကို မြဲမြဲမြံမြံ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ထပ်လောင်း အသိပေးပါသည်။

၁၁။ ထို့ကြောင့် ပြည်သူများအား ကိုယ်စားပြုသည့် တရားဝင်အစိုးရဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရကသာလျှင် ရာသီဥတုဆိုင်ရာ ကတိကဝတ်များကို ဖြည့်ဆည်းဆောင်ရွက်

နိုင်မည့် တစ်ခုတည်းသော အဖြေပင် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရန်အတွက်လည်း ပြည်သူတွေက အပ်နှင်းထားသည့် အခွင့်အာဏာ ရရှိထားပါသည်။

၁၂။ အမျိုးသားညီညွတ်ရေးအစိုးရအား တရားဝင် အသိအမှတ်ပြုရေးနှင့် တရားမဝင် စစ်ကောင်စီအား ငြင်းပယ်ရေးအပါအဝင် အထူးသဖြင့် လက်ရှိကျင်းပလျက်ရှိသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဘောင်ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေးတွင် စစ်ကောင်စီ၏ ပါဝင်မှုကို ငြင်းပယ်ရေးတို့အတွက် အားစိုက် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာအသိုင်းအဝန်း၊ ကမ္ဘာ့ကုလသမဂ္ဂနှင့် ဆက်စပ်အဖွဲ့အစည်းများအား အမျိုးသားညီညွတ်ရေးအစိုးရ၏ ယာယီသမ္မတအနေဖြင့် ကျေးဇူးအထူးပင် တင်ရှိပါသည်။ နည်းပညာနှင့် ငွေကြေးအထောက်အပံ့အပါအဝင် ရရှိနိုင်သည့် နည်းလမ်းပေါင်းစုံအသုံးပြု၍ အမျိုးသားညီညွတ်ရေးအစိုးရအား အသိအမှတ်ပြု ထောက်ပံ့ခြင်းသည် ကျွန်ုပ်တို့၏ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး လုပ်ငန်းများ တက်တက်ကြွကြွ ဆောင်ရွက်နိုင်ရန်အတွက်သာမက မြန်မာပြည်သူများ၏ အခွင့်အရေးမြှင့်တင်ပေးရန်နှင့် ၎င်းတို့၏ ဒီမိုကရေစီမျှော်မှန်းချက်များ ဖြည့်ဆည်းပေးရန်တို့အတွက် အရေးတကြီး လိုအပ်ချက် ဖြစ်ပါသည်။ မူဘောင်ကွန်ဗင်းရှင်းပါ မြေကမ္ဘာနှင့် လူသားကောင်းကျိုးဆောင်ရွက်မည့် အခြေခံတန်ဖိုးများနှင့်အညီ ချမှတ်ခဲ့သော ပါရီသဘော တူညီချက်၏ ရည်မှန်းချက်များ ပြည့်မီရန်အလို့ငှာ ဤသို့ထောက်ပံ့ခြင်းဖြင့် ဖြည့်ဆည်းနိုင်ပါသည်။

၁၃။ နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံ၏ ကိုယ်စား အမျိုးသားညီညွတ်ရေးအစိုးရမှ အဖွဲ့ဝင်နိုင်ငံများအားလုံးကို လေးစားစွာ အသိပေးလိုသည်မှာ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်ရာတွင် ယခုအချိန်သည် ကျွန်ုပ်တို့ အတူတကွ ပူးပေါင်းဆောင်ရွက်ရန် အချိန်အခါကောင်းဖြစ်ပြီး အားထုတ်ဆောင်ရွက်မှု တစ်ခုချင်းစီတိုင်းအား မှတ်တမ်းတင် ဂုဏ်ပြုပါကြောင်း ထပ်လောင်း ပြောကြားလိုပါသည်။ ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံဖြစ်သည်နှင့် လျော်ညီစွာ လူသားများနှင့် ကမ္ဘာမြေ၏ အကျိုးစီးပွားအတွက် မြန်မာပြည်သူများအား ဦးဆောင်ကာ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဒူဝါလရှီးလ)
ယာယီသမ္မတ
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ